109/17
29.6.2017

သို့

ဓမ္မသတ်ဌာန
အိုလမာ-အစွလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊
အမှတ်(၇၆)၊ပထမထပ်၊၂၈လမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

ရက်စွဲ။ ။၂၉-၆-၂၀၁၇

အကြောင်းအရာ။ ။ဖသ်ဝါဓမ္မသတ်မေးပြန်းခြင်း။

အစွလာမ့်ရှရီအသ်တရားတော်မှ သတ်မှတ်ထားသော အောက်ပါအလေးချိန်များကို ကီလိုဂရမ်နှင့် မြန်မာ အလေးချိန်တို့နှင့်နှိုင်းယှဉ်၍ ဟနဖီဓမ္မသတ်အရ ကျမ်းကိုးနှင့်တကွ အသေးစိတ်ဖော်ပြပေးပါရန် ဖသ်ဝါ ဓမ္မသတ် တောင်းခံအပ်ပါသည်။

(၁) ရွှေနိဆွာမ် ဒိနာရ်(၂၀)၏ ကီလိုဂရမ်နှင့်ပြန်မာအလေးချိန်။

(၂) ငွေနိဆွာမ် ဒိရ်ဟမ်(၂၀၀)၏ ကီလိုဂရမ်နှင့်ပြန်မာအလေးချိန်။

(၃) ဆွဒကာဟ်ဖစ်သ်ရှဖြစ်သော ဂျုံစေ့ဆွာအ်တစ်ဝက်နှင့် စွန်ပလွံသီး၊မုယောစပါး၊စပျစ်သီးခြောက်၊တစ်ဆွာအ်၏ ကီလိုဂရမ်နှင့်ပြန်မာအလေးချိန်။

မေးပြန်းသူ

မော်လဝီအိုမိုင်းရ
တာမွေ၊ရန်ကုန်မြို့။

جمعیة علماء الإسلام (المکتب الرئیسی) میانما-یانغون

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အိုလမာ - အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်

JAMIAT ULAMA EL-ISLAM • Head Quarters •

THE REPUBLIC OF THE UNION OF MYANMAR ☎ :253683

အမှတ် - (၇၆)၊ ၂၈-လမ်း၊ ပထမထပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ☎ :370535

No.(76), 28 th Street, 1st Floor, Pabedan Township, Yangon. ☎ :385076

စာအမှတ်အာ. ဖ/ဓမ္မသတ်/၁၀၉/၂၀၁၇ နေ့စွဲ ဟစ်ဂျ်ရီ(၁၄၃၈)ခုနှစ်၊ဇူလိုင်လ(၄)ရက်။
(၂၀၁၇)ခုနှစ်၊ဇူလိုင်လ(၂၉)ရက်။

သို့

မော်လဝီအိုမိုင်းရ
တာမွေ၊ရန်ကုန်မြို့။

စပို့ဝပ္ပလောက်ရုံး

دار الإفتاء المركزية

အကြောင်းအရာ။ ။ဖသိဝါဓမ္မသတ်ဖြေကြားချက်ပေးပို့ခြင်း။

ရည်ညွှန်းချက်။ ။မော်လဝီအိုမိုင်းရ၏စာအမှတ်၊အ-ဖ/ဓမ္မသတ်/၁၀၉/၂၀၁၇
(၂၉.၆.၂၀၁၇)နေ့စွဲပါ ဓမ္မသတ်မေးမြန်းစာ။

(မေးခွန်းပူးတွဲလျက်)

မေးမြန်းချက်များမှန်ကန်ပါကဓမ္မသတ်ဖြေကြားချက်မှာအောက်ပါအတိုင်းဖြစ်ပါသည်

၁။ ရွှေနိဆွာဒ်မှာ ဒီနာရ်(ရွှေဒင်း)(၂၀)ဖြစ်သည်။ ဒီနာရ်(၂၀)သည် ၈၇.၄၈ ဂရမ်နှင့် ညီမျှပြီး မြန်မာအလေးချိန်အရ ၅ကျပ် ၄ပဲ ၁.၅ရွေး ဖြစ်သည်။

၂။ ငွေနိဆွာဒ်မှာ ဒိရ်ဟမ်(ငွေဒင်း)(၂၀၀)ဖြစ်သည်။ ဒိရ်ဟမ်(၂၀၀)သည် ၆၁၂.၃၆ ဂရမ်နှင့် ညီမျှပြီး မြန်မာအလေးချိန်အရ ၃၆ကျပ် ၁၃ပဲ ၃.၅ရွေး ဖြစ်သည်။

အသေးစိတ်တွက်ချက်ပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဇကားသိန်ဆွာဒ်တွက်ချက်မှုတွင် ဒိရ်ဟမ်၏အလေးချိန်သည် အဓိကကျပေသည်။ ဒိရ်ဟမ်တစ်ခုတွင် ကီရားသ်(၁၄)ခု ရှိ၏။ ဒီနာရ်တစ်ခုတွင် ကီရားသ်(၂၀)ရှိ၏။ တစ်ကီရားသ်သည် မုယောစပါးစေ့(၅)စေ့၏ အလေးချိန် ဖြစ်သည်။ သို့ဖြစ်ပါ၍ ဒိရ်ဟမ်တစ်ခုသည် (၅×၁၄=၇၀) မုယောစပါးစေ့(၇၀)၏အလေးချိန် ဖြစ်သည်။ ဒီနာရ်တစ်ခုသည် (၅×၂၀=၁၀၀) မုယောစပါးစေ့(၁၀၀)၏ အလေးချိန် ဖြစ်သည်။ သို့ရှိရာ ငွေ၏နိဆွာဒ်ဖြစ်သော ဒိရ်ဟမ်၂၀၀(၂၀၀×၇၀=၁၄၀၀၀)သည် မုယောစပါးစေ့(၁၄၀၀၀)၏အလေးချိန် ဖြစ်သည်။ ရွှေ၏နိဆွာဒ်ဖြစ်သော ဒီနာရ်၂၀(၂၀×၁၀၀=၂၀၀၀)သည် မုယောစပါးစေ့(၂၀၀၀)၏အလေးချိန် ဖြစ်သည်။ ဟဇရသ်မော်လာနာ မွတ်ဖသီရ္ဓီးအ်ဆွာဟစ်ဒ်နှင့်ဟန္နဖီဖိကဟ်ပညာရှင်ကြီးများ၏ ချိန်တွယ်တွက်ချက်မှုအရ ဒိရ်ဟမ်၂၀၀ (မုယောစပါးစေ့၁၄၀၀၀)သည် အိန္ဒိယအလေးချိန်အရ ၅၂.၅တိုလာရှိပြီး ဒီနာရ်၂၀ (မုယောစပါးစေ့၂၀၀၀)သည် အိန္ဒိယအလေးချိန်အရ ၇.၅ တိုလာဖြစ်သည်။ ၁တိုလာ(Tola)=11.664grams ရှိပါသည်။ (၁)ကီလိုဂရမ်=85.73 တိုလာရှိပါသည်။ မြန်မာအလေးချိန်(ရွှေ၊ငွေ)တစ်ကျပ်သား (1Tical)သည် 16.606grams ရှိပါသည်။ 1Kilogramသည် မြန်မာအလေးချိန် ၆၀.၂.၄ (၆၀ကျပ် ၃ပဲ ၄ရွေး) ရှိပါသည်။ ဤအလေးချိန်သည် လက်ရှိရွှေဈေးကွက်တွင် လက်တွေ့ရောင်းဝယ်နေသည့်စနစ် ဖြစ်ပါသည်။ မြန်မာအလေးချိန်စနစ်သည် တစ်ပိဿာ=၁၀၀ကျပ်သား၊ တစ်ကျပ်သား=၁၆ပဲ၊ တစ်ပဲ=၈ရွေး ဖြစ်ပါသည်။ တစ်ရွေး၏တစ်ဝက်အား တစ်ခြမ်းဟု ခေါ်ဆိုပါသည်။ တွက်ချက်ရာ၌ (၀.၅)ဟု ထည့်ပေါင်းပြီး တွက်ချက်ရပါသည်။

အထက်ဖော်ပြချက်များအရ တိုလာနှင့် မြန်မာအလေးချိန်တို့၌ တိကျသည့် Gramပြောင်းလဲမှုစနစ်ရှိသည်ကို တွေ့ရှိရပါသည်။ အထက်ပါပြောင်းလဲမှုစနစ်ကို အခြေခံပြီး ဇကားသ်၏နိဆွာဒ်တွက်ချက်မှု၌ တိုလာမှ မြန်မာအလေးချိန်ကို ပြောင်းလဲတွက်ချက်ရမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ မြန်မာကျပ်ချိန်နှင့်ညီမျှသောဂရမ်အလေးချိန်ကို (၁)တိုလာနှင့်ညီမျှသော ဂရမ်အလေးချိန်နှင့်စားလိုက်ပါက တိုလာမှ မြန်မာကျပ်ချိန်၏အချိုးကို ရရှိမည် ဖြစ်သည်။

16.606÷11.66=1.424185248Tola ရရှိမည် ဖြစ်သည်။ လက်ရှိ မြန်မာရွှေဈေးကွက်၌ လက်တွေ့အသုံးပြုနေသောအချိုးသည် (၁)ကျပ်သား=1.425တိုလာဖြစ်ပါသည်။ သို့ရှိရာ မြန်မာအလေးချိန်ကို တိတိကျကျ ရရှိနိုင်ရန် လက်ရှိဈေးကွက်သုံးညီမျှခြင်းဖြစ်သည့် (၁)ကျပ်သား=1.425တိုလာကို တွက်ချက်အသုံးပြုရမည် ဖြစ်သည်။

ဇကားသိန်ဆွာဒ်(ရွှေ)

7.5Tola ခုနစ်တိုလာခွဲသည် ရွှေ၏နိဆွာဒ် ဖြစ်ပါသည်။ မြန်မာအလေးချိန်သို့ပြောင်းလဲမည်ဆိုလျှင်

1.425တိုလာ=၁ကျပ်သား

စာမျက်နှာ(၂)သို့

7.5တိုလာ 7.5÷1.425=5.26315ကျပ်သား ရရှိမည် ဖြစ်သည်။ ဤသို့ရရှိလာသောအလေးချိန်ကို အတိအကျ ပဲ၊ ရွေး ဖွဲ့မည်ဆိုလျှင် ၅ကျပ်သား၏နောက်တွင်ရှိသော ဒဿမနောက်ဂဏန်းကို ပဲဖွဲ့(၁၆ပဲနှင့်မြှောက်) ရပါမည်။

0.26315x16=4.2104

4.2104 ပဲ ရရှိပါသည်။ ကိန်းပြည့်ဖြစ်သော ၄ ကိုပဲအဖြစ် ဖယ်လိုက်ပြီး ကျန်သည့် ဒဿမအနောက်ကဂဏန်းကို ရွေးဖွဲ့. (၈ရွေးနှင့်မြှောက်)ရပါမည်။

0.2104x8=1.6832

1.6832 ရွေး ရရှိပါသည်။ ဤသို့ရရှိလာသော အလေးချိန်၌(0.5)ကို တစ်ခြမ်းဟု တွက်ချက်ကြသည့်အတွက် 0.6832 ကို တစ်ခြမ်းဟု သတ်မှတ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ရွှေနီဆွာဒ်၏ မြန်မာအလေးချိန်သည် ၅ကျပ် ၄ပဲ ၁.၅ရွေး (တစ်ရွေးတစ်ခြမ်း)ဖြစ်ပါသည်။

ဇကားသိန်ဆွာဒ်(ငွေ)

52.5Tola ငါးဆယ့်နှစ်တိုလာခွဲအလေးချိန်သည် ငွေ၏နိဆွာဒ်ဖြစ်သည်။ မြန်မာအလေးချိန်သို့ပြောင်းလဲမည်ဆိုလျှင်

1.425 တိုလာ=၁ကျပ်သား

52.5တိုလာ 52.5÷1.425=36.8421ကျပ်သား ရရှိမည် ဖြစ်သည်။ ဤသို့ရရှိလာသောအလေးချိန်ကို အတိအကျ ပဲ၊ ရွေး ဖွဲ့မည်ဆိုလျှင် ၃၆ကျပ်သား၏နောက်တွင်ရှိသော ဒဿမနောက်ဂဏန်းကို ပဲဖွဲ့(၁၆ပဲနှင့်မြှောက်) ရပါမည်။

0.8421x16=13.4736

13.4736 ပဲ ရရှိပါသည်။ ကိန်းပြည့်ဖြစ်သော ၁၃ကို ပဲအဖြစ် ဖယ်လိုက်ပြီး ကျန်သည့် ဒဿမအနောက်ကဂဏန်းကို ရွေးဖွဲ့. (၈ရွေးနှင့်မြှောက်)ရပါမည်။

0.4736x8=3.7888

3.7888 ရွေး ရရှိပါသည်။ ဤသို့ရရှိလာသော အလေးချိန်၌(0.5)ကို တစ်ခြမ်းဟု တွက်ချက်ကြသည့်အတွက် 0.7888 ကို တစ်ခြမ်းဟု သတ်မှတ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ငွေနိဆွာဒ်၏ မြန်မာအလေးချိန်သည် ၃၆ကျပ် ၁၃ပဲ ၃.၅ရွေး (သုံးရွေးတစ်ခြမ်း)ဖြစ်ပါသည်။

ရွှေနိဆွာဒ်=ငါးကျပ်လေးပဲတစ်ရွေးတစ်ခြမ်း(5.4.1.5)

ငွေနိဆွာဒ်=သုံးဆယ့်ခြောက်ကျပ်တစ်ဆယ်သုံးပဲသုံးရွေးတစ်ခြမ်း(36.13.3.5)ဟု အနီးစပ်ဆုံးနှင့်အသေချာဆုံး တွက်ချက်နိုင်ပါသည်။

၃။ ဆွဒကဟ်ဖစ်သ်ရဖြစ်သော ဂျုံစေ့ဆွာဒ်တစ်ဝက်သည် ၁၆၃၂.၉၆ ဂရမ်(၁ကီလိုဂရမ်၊၆၃၂ဂရမ်၊၉၆မီလီဂရမ်)နှင့် ညီမျှပြီး မြန်မာအလေးချိန်အရ ၉၈ကျပ် ၃ပဲ ၇ရွေး ဖြစ်သည်။ စွန်ပလွဲသီး၊မုယောစပါးနှင့်စပျစ်သီးခြောက်တစ်ဆွာအ်သည် ၃၂၆၅.၉၂ ဂရမ် (၃ကီလိုဂရမ်၊၂၆၅ဂရမ်၊၉၂မီလီဂရမ်)နှင့်ညီမျှပြီး မြန်မာအလေးချိန်အရ ၁၉၆ကျပ် ၇ပဲ ၆.၅ရွေး(ခြောက်ရွေးတစ်ခြမ်း) ဖြစ်သည်။

အသေးစိတ်တွက်ချက်ပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဟဇရသ်မော်လာနာ မွတ်ဖ်သိရှပိုးအ်ဆွာဟစ်ဗ်နှင့်ဟန္ဒဖီဖိကဟ်ပညာရှင်ကြီးများ၏ ချိန်တွယ်တွက်ချက်မှုအရ တစ်ဆွာအ်၌ ၂၈၀တိုလာရှိပြီး ဆွာအ်တစ်ဝက်၌ ၁၄၀တိုလာ ရှိ၏။ ၁၄၀တိုလာကို မြန်မာအလေးချိန်သို့ ပြောင်းလဲမည်ဆိုလျှင်

1.425တိုလာ=၁ကျပ်သား

၁၄၀တိုလာ 140÷1.425=98.24561403508772 ကျပ်သား ရရှိမည် ဖြစ်သည်။ ဤသို့ရရှိလာသောအလေးချိန်ကို အတိအကျ ပဲ၊ ရွေး ဖွဲ့မည်ဆိုလျှင် ၉၈ကျပ်သား၏နောက်တွင်ရှိသော ဒဿမနောက်ဂဏန်းကို ပဲဖွဲ့(၁၆ပဲနှင့်မြှောက်) ရပါမည်။

0.24561403508772x16=3.92982456140352

3.92982456140352 ရရှိပါသည်။ ကိန်းပြည့်ဖြစ်သော ၃ ကိုပဲအဖြစ် ဖယ်လိုက်ပြီး ကျန်သည့် ဒဿမအနောက်ကဂဏန်းကို ရွေးဖွဲ့. (၈ရွေးနှင့်မြှောက်)ရပါမည်။

0.92982456140352x8=7.43859649122816

7.43859649122816 ရရှိပါသည်။ ဤသို့ရရှိလာသော အလေးချိန်၌(0.5)ထက်နည်းသော ဂဏန်းကို ထည့်တွက်လေ့ မရှိပါသဖြင့် ၁၄၀တိုလာသည် မြန်မာအလေးချိန်အရ ၉၈ကျပ် ၃ပဲ ၇ရွေး ဖြစ်ပါသည်။

တစ်ဆွာအ်၌ ၂၈၀တိုလာ ရှိ၏။ မြန်မာအလေးချိန် သို့ပြောင်းလဲမည်ဆိုလျှင်

1.425တိုလာ=၁ကျပ်သား

စာမျက်နှာ(၃)သို့

جمعیة علماء الإسلام (المکتب الرئیسی) میانما-یانغون
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အိုလမာ - အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်
JAMIAT ULAMA EL-ISLAM • Head Quarters •
THE REPUBLIC OF THE UNION OF MYANMAR ☎ :253683
အမှတ် - (၇၆)၊ ၂၈-လမ်း၊ ပထမထပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ☎ :370535
No.(76), 28 th Street, 1st Floor, Pabedan Township, Yangon. ☎ :385076
စာအမှတ် _____ ရက်စွဲ _____

၂၈၀တိုလာ 280÷1.425=196.4912280701754 ကျပ်သား ရရှိမည် ဖြစ်သည်။ ဤသို့ရရှိလာသောအလေးချိန်ကို အတိအကျ ပဲ၊ ရွေး ဖွဲ့မည်ဆိုလျှင် ၁၉၆ကျပ်သား၏နောက်တွင်ရှိသော ဒဿမနောက်ဂဏန်းကို ပဲဖွဲ့(၁၆ပဲနှင့်မြွောက်) ရပါမည်။

0.4912280701754x16=7.8596491228064

7.8596491228064 ရရှိပါသည်။ ကိန်းပြည့်ဖြစ်သော ၇ ကိုပဲအဖြစ် ဖယ်လိုက်ပြီး ကျန်သည့် ဒဿမအနောက်ကဂဏန်းကို ရွေးဖွဲ့. (၈ရွေးနှင့်မြွောက်)ရပါမည်။

0.8596491228064x8=6.8771929824512

6.8771929824512 ရွေး ရရှိပါသည်။ ဤသို့ရရှိလာသောအလေးချိန်၌ (0.5)ကို တစ်ခြမ်းဟု တွက်ချက်သည့်အတွက် 0.8771929824512 ကိုတစ်ခြမ်းဟု သတ်မှတ်နိုင်ပါသည်။ သို့ရှိရာ ၂၈၀တိုလာသည် မြန်မာအလေးချိန်အရ ၁၉၆ကျပ် ၇ပဲ ၆.၅ရွေး(ခြောက်ရွေးတစ်ခြမ်းဖြစ်သည်။)

ကျဲစေ့ဆွာအ်တစ်ဝက်=ကိုးဆယ့်ရှစ်ကျပ်သုံးပဲခုနစ်ရွေး(၉၈.၃.၇)

စွန်ပလွံသီး၊ မုယောစပါးနှင့် စပျစ်သီးခြောက် တစ်ဆွာအ် = တစ်ရာကိုးဆယ့်ခြောက်ကျပ်ခုနစ်ပဲခြောက်ရွေးတစ်ခြမ်း (၁၉၆.၇.၆.၅) ဟု အနီးစပ်ဆုံးနှင့် အသေချာဆုံး တွက်ချက်နိုင်ပါသည်။

لما فی الدر المختار ۲/۲۹۵

نصاب الذهب عشرون مثقالا والفضة مائتا درهم كل عشرة دراهم وزن سبعة مثاقيل والدينار عشرون قيراطا والدرهم اربعة عشر قيراطا والقيراط خمس شعيرات فيكون الدرهم الشرعی سبعين شعيرة والمثقال مائة شعيرة

لما فی مجمع الانهر ۱/۳۰٤

(عشرون) ای مقدر بعشرين(مثقالا) هو لغة ما يوزن به قليلا كان او كثيرا وعرفا ما يكون موزونة قطعة ذهب مقدر بعشرين قيراطا والقيراط خمس شعيرات متوسطة غير مقشورة مقطوعة ما امتد من طرفيها فالمثقال مائة شعيرة وهذا على رأی المتأخرين

لما فی الدر المختار۲/٤۰۰ كتاب الزكاة/باب صدقة الفطر ط دار عالم الكتب

(وهو) ای الصاع المعتبر (ما يسع الفا واربعين درهما من ماش او عدس) انما قدر بهما لتساويهما كيلا ووزنا

لما فی رد المحتار ۱/۲۹٤ كتاب الطهارة /مطلب فی تحرير الصاع والمد والرطل ط دار عالم الكتب

قوله (وهو ثمانية ارطال) ای بالبغدادی وهی صاع عراقی وهو اربعة امداد كل مد رطلان وبه اخذ ابو حنيفة والصاع الحجازی خمسة ارطال وثلث وبه اخذ الصاحبان والائمة الثلاثة فالمد حينئذ رطل وثلث والرطل مائة وثلاثون درهما

اوزان شرعية مؤلف حضرت مولانا مفتی محمد شفيع رحمة الله عليه ط ادارة المعارف كراچی

امداد الاوزان مؤلف مولانا مهربان علی بڑوتی ط كتب خانه نعيميه ديوبند

احسن الفتاوی ٤/كتاب الزكاة وباب صدقة الفطر وبسط الباع لتحقيق الصاع

نجم الفتاوی ۳٤/۳ ساڑھے سات تولہ سونے اور ساڑھے باون تولہ چاندی کا نصاب کیسے بنا

نجم الفتاوی ٤۱/۳ سونے اور چاندی کا مفتی بہ نصاب اور اس کی تحقیق

نجم الفتاوی ۱۸۷/۳ درہم کی مقدار کے متعلق تحقیق اور صاع کی تحقیق

فتاوی دار العلوم زکریا ۳/۹٤-۹۸ سونے چاندی کے نصاب کی مقدار

فتاوی دار العلوم زکریا ۳/۲۲۹-۲۳۲ اکابر کی اختیار کردہ صدقة الفطر کی صحیح مقدار

المقادير الشرعية(اوزان شرعية) دار الافتاء جامعه اشرف المدارس كراچی

لما فی الفقه الحنفی وادلته ۱/۳٦٤ صدقة الفطر / مقدار الواجب ط مكتبة الغزالی

فزنة الصاع ثلاثة كيلوغرامات وستة عشر من الالف من الغرام وزنة نصف الصاع كيلوغرام ونصف وثمانية اجزاء من الالف من الغرام

جمعية علماء الإسلام (المكتب الرئيسي) ميانما-يانغون
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အိုလမာ - အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်
JAMIAT ULAMA EL-ISLAM • Head Quarters •
THE REPUBLIC OF THE UNION OF MYANMAR ☎ :253683
အမှတ် - (၇၆)၊ ၂၈-လမ်း၊ ပထမထပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ☎ :370535
No.(76), 28 th Street, 1st Floor, Pabedan Township, Yangon. ☎ :385076

စာအမှတ် (၄) နေ့စွဲ

المقادير الشرعية والاحكام الفقهية المتعلقة بها للدكتور محمد نجم الدين الكردى
الخراج و النظم المالية للدولة الاسلامية للدكتور محمد ضياء الدين الريس
المكاييل والموازين الشرعية للاستاذ الدكتور على جمعة محمد
بحث فى تحويل الموازين والمكاييل الشرعية الى المقادير المعاصرة لفضيلة الشيخ عبد الله بن سليمان المنيع
المكاييل والاوزان الاسلامية وما يعادلها فى النظام المترى لفاتر هينس
الايضاحات العصرية للمقاييس والمكاييل والاوزان والنقود الشرعية للشيخ محمد صبحى بن حسن حلاق ابو مصعب
الفاظ المقادير فى العربية دراسة فى البنية والدلالة لشرين ثابت حسنى عبد الجواد
معجم لغة الفقهاء عربى - انكليزى
القاموس الفقهى
المورد الحديث قاموس انكليزى - عربى ص ١٢٣٥
التولا: وحدة وزن هندية(١١,٦٦٤غراما) Tola

Encarta Dictionaries
tola: a South Asian unit of weight equal to 180 grains troy weight or 11.7 grams

တိုင်းတာခြင်းဆိုင်ရာ မြန်မာသုံး၊ ကမ္ဘာသုံးစံနှုန်းများ၊ နိုင်ငံတကာစံယူနစ်များနှင့် တွက်ချက်ပုံအမျိုးမျိုး/မြန်မာသုံးရွေ အလေးချိန်အခေါ်အဝေါ်၊ ရေးသားပုံနှင့် ရေတွက်ပုံ စာ(၂၆၄-၂၆၅)သိန်းလွင်(ပြည်ပပို့ကုန်)၊ဒီဇင်ဘာ(၂၀၁၄)။
အလုပ်ရုံတွက်ချက်မှုပညာများနှင့်အထွေထွေမှတ်စုများ/အလေးချိန်စံနှုန်းများ(အိန္ဒိယသုံးအလေးချိန်)(စာ-၂၅၂)၊ဦးအုန်းမြင့်(ဒီဇယ်)၂၀၀၃။
ပြည်တွင်းရွှေစျေးကွက်၊ရွှေပန်းထိမ်ရွှေအကြောင်း/ရွှေ၏အလေးချိန် ချိန်တွယ်မှုစနစ်များ (စာ-၇၈)ရဲမာန်အောင် ဇွန်လ(၂၀၁၆)
ဉာဏ်အလင်း Enlightenment Volume-1.No(7).ရမဇာန်အထူးထုတ်၊အိန္ဒိယအလေးချိန်တိုလာမှ မြန်မာ့အလေးချိန်သို့ (ဇကားသိန်ဆွာဗ်တွက်ချက်ရန်) စာ(၃၅)၊ရဲမာန်အောင်။
ရွှေအကြောင်းသိကောင်းစရာနှင့်ရွှေလောကအတွေ့အကြုံများ။ ကိုဇော်အောင် (တိတ်စိန်ရွှေဆိုင်)၊ဖေဖော်ဝါရီလ(၂၀၁၅)။
မြန်မာ-အင်္ဂလိပ်အဘိဓာန်၊မြန်မာစာအဖွဲ့၊(၁၉၉၈)Myanmar Metric and British Equivalents in weights & measures I.II.
မြန်မာအဘိဓာန်၊မြန်မာစာအဖွဲ့၊(၂၀၀၈)ချိန်ဝန်နှိုင်းယှဉ်စံနှုန်းများ။(စာ-၄၄၅)။

والله اعلم بالصواب
٢٠١٤/١١/١١
الخريج من جامعة دار العلوم كراتشى والمتخصص فى الافتاء بها
အလ်ဟာဂျ် မော်လာနာ မွတ်ဖ်သီ မုဟမ္မဒ်နို့အ်မာန်
ဓမ္မသတ်မှူး

٢٠١٤/١١/١١
အလ်ဟာဂျ် မော်လာနာ မွတ်ဖ်သီ မုဟမ္မဒ်အလီ
ဓမ္မသတ်မှူး

ဓမ္မသတ်ခြေကြွားချက်သည် တရားဝတ်သာဖြစ်ပြီး ဓမ္မသတ်မူများအား မည်သည့်သက်ဆောင်ဖြစ် ခေါ်ယူမည်မဟုတ် ဝံကတ်ပြု လက်မှတ်ရေးထိုးပါသည်။
٢٠١٤.١١.....

ရှိက်ခွလ်ဟဒီးစ် အလ်ဟာဂျ် မော်လာနာ မွတ်သီ ဂျမ်စွတ်ဒို့ဟာ(ခ)ဦးဘသိန်း(မဇာဟိရ်)
ဓမ္မသတ်မှူးချုပ်